ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
ရုံးအမှတ် (၃၄) ၊နေပြည်တော်

ဖုန်း -၀၆၇-၃၄၁၀၁၅၄ဖက်(စ်) - ၀၆၇- ၃၄၁၀၁၅၃၊အီးမေးလ် - frdho34@gmail.com

စာအမှတ်၊ ငကစ/ မူဝါဒ /( ၆၈၅ /၂၀၂၆)
ရက် စွဲ ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၄ ရက်

အကြောင်းအရာ။ ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍ သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန်ကိစ္စ

ရည် ညွှန်း ချက် ။ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ ၁၆-၃-၂၀၂၆ ရက်စွဲပါ Email ဖြင့် အကြောင်းကြားချက်အရ

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၆/၂၀၂၆ ဖြင့် ပြဋ္ဌာန်းလိုက်ပြီးဖြစ်သည့် ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ အင်တာနက်စာမျက်နှာ https://www.frd.gov.mm/posts/2026-khunhit-ngwekyekhwakhyamhu-toetpayaetyaepde တွင် အများပြည်သူသိရှိနိုင်ရန် လွှင့်တင်ထားပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ကြီးကြပ်ကွပ်ကဲလျက်ရှိသော သတင်းပို့အဖွဲ့အစည်းများ (Reporting Organizations -ROs) ဖြစ်သည့် အသေးစားငွေရေးကြေးရေးကုမ္ပဏီများနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများအနေဖြင့် အဆိုပါ ၂၀၂၆ ခုနှစ်၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို အထက်ဖော်ပြပါ အင်တာနက်စာမျက်နှာ လိပ်စာတွင် ဝင်ရောက်ကြည့်ရှု၍ download ရယူရန်နှင့် မိမိတို့၏အင်တာနက်စာမျက်နှာ လိပ်စာများတွင် လွှင့်တင်ဖော်ပြနိုင်ရန်နှင့် အဆိုပါ ၂၀၂၆ ခုနှစ် ဥပဒေပါ သတင်းပို့အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့် ပြဋ္ဌာန်းချက်များအပေါ် ဥပဒေနှင့်အညီ အလေးထား လိုက်နာဆောင်ရွက်ရန် အကြောင်းကြားပါသည်။

၃။ ဤအကြောင်းကြားစာအား လက်ခံရရှိပြီး သိရှိလိုက်နာ ဆောင်ရွက်လျက်ရှိကြောင်းနှင့် website တွင် လွှင့်တင်ထားရှိပြီး အခြေအနေများအား ၇-၄-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်တင်ပြရန် ဖြစ်ပါသည်။

24/3/2026

(ဇော်နိုင်)
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးကုမ္ပဏီများအားလုံး

ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး

မိတ္တူကို

အတွင်းရေးမှူး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အထက်/အောက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံး၊ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ (သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ တင်ပြချက်များအား ကြီးကြပ်၍ စုစည်းပေးပို့နိုင်ပါရန်)

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ

ရုံးလက်ခံ

မျှောစာ